# သင်မဲပေးရန် အစီအစဉ်လုပ်ပါ။ သင်မဲပေးရန်အတွက် ရွေးချယ်လုပ်ဆောင်နိုင်သည်များအကြောင်း လေ့လာပါ



**PLAN.LAVOTE.GOV တွင် နိုဝင်ဘာလ ၈ ရက် အထွေထွေရွေးကောက်ပွဲအတွက် သင်လိုအပ်သည့် အရာအားလုံး ရှိပါသည်။**

LA ကောင်တီ မှတ်ပုံတင်အရာရှိ-မှတ်တမ်းတင်သူ/ကောင်တီစာရေးသည် တိကျ၍ ဘက်လိုက်ခြင်းမရှိသော ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်နှင့် မဲပေးရန် အရင်းအမြစ်များအတွက် တရားဝင် အရင်းအမြစ်ဖြစ်သည်။ မဲဆန္ဒရှင်တစ်ဦးဖြစ်ရန် ဤသည်ထက် ပိုမိုလျင်မြန်သည့် သို့မဟုတ် ပိုလွယ်ကူသည့် အချိန်မရှိခဲ့ဖူးပါ။  ရွေးကောက်ပွဲအတွက် ပြင်ဆင်ပြီး သင်၏ပြောသံဆိုသံကို အများကြားအောင် ပြုလုပ်နိုင်ပုံကို လေ့လာပါ။ မဲပေးရန် သင်၏အစီအစဉ်ကို ယနေ့ပြုလုပ်ပါ။

## မဲပေးရန် ကျွန်ုပ်မည်သို့ စာရင်းပေးရမည်နည်း။ စာတိုက်မှမဲပေးဖို့ မဲပြားရရှိရန် မဲစာရင်းပေးသည့် နောက်ဆုံးရက်မှာ မည်သည့်ရက်နည်း။

သင်သည် အိမ်ပြောင်းသွားပါက၊ LA ကောင်တီ၌ လူသစ်ဖြစ်ပါက၊ သို့မဟုတ် ပထမဆုံးအကြိမ် မဲပေးပါက၊ စာတိုက်မှ မဲပေးရန်မဲပြား ရရှိဖို့  ၂၀၀၂ အောက်တိုဘာလ ၂၄ ရက် နောက်ဆုံးထား၍ မဲစာရင်းပေး **ရပါမည်။** မဲစာရင်းပေးရန် အလွယ်ကူဆုံးနည်းမှာ **PLAN.LAVOTE.GOV** တွင် ဝင်ရောက်ကြည့်ရှုခြင်း ဖြစ်သည်။ စာကြည့်တိုက်များ၊ စာတိုက်များ သို့မဟုတ် DMV ရုံးများကဲ့သို့ အစိုးရအဆောက်အဦး အများစု၌လည်း စာရွက်ဖြင့် မဲစာရင်းကတ်ပြားများ ရရှိနိုင်ပါသည်။ သင်သည် နောက်ဆုံးရက်လွန်သွားပါက သင်မဲထည့်ရန် လာသည့်အခါ မည်သည့်မဲစင်တာ၌မဆို လူကိုယ်တိုင် မဲစာရင်းပေးနိုင်ပါသေးသည်။

## စာတိုက်မှထည့်သည့် ကျွန်ုပ်၏မဲကို ကျွန်ုပ် ခြေရာခံနိုင်ပါသလား။

ဟုတ်ကဲ့။ *Where's My Ballot?* (california.ballottrax.net) တွင် အမည်စာရင်းသွင်းခြင်းဖြင့် သင်၏မဲပြားကို တစ်လျှောက်လုံး အခမဲ့ ခြေရာခံနိုင်ပါသည်။ အီးမေးလ် သို့မဟုတ် တက်စ်မက်ဆေ့ဂျ်ဖြင့် သင့်မဲ၏ အနေအထားအကြောင်း အသိပေးချက်များ ရရှိပါမည်။ သင်၏မဲပြားကို ပြန်ပို့ပြီးနောက် မှတ်ပုံတင်အရာရှိရုံး၌ လက်ခံရရှိသည့်အခါ ဤမဲကို ရေတွက်နေကြောင်း သင်သိရှိရန်အတွက် အသိပေးပါမည်။

## မဲပေးရန်အတွက် ကျွန်ုပ်ရွေးချယ်လုပ်ဆောင်နိုင်သည့်အရာများမှာ အဘယ်နည်း။

1. **၁။ စာတိုက်မှမဲပေးခြင်းနှင့် စောစောမဲပေးခြင်း။** လူတန်းများကို ကျော်ပြီး အချိန်ကုန် သက်သာစေပါ။ LA ကောင်တီရှိ မဲစာရင်းပေးထားသော မဲဆန္ဒရှင်တိုင်းကို အောက်တိုဘာလ ၆ ရက်နေ့မှစပြီး အထွေထွေ ရွေးကောက်ပွဲအတွက် မဲတစ်ပြားကို စာတိုက်မှ ပေးပို့ပါမည်။ ဖြည့်လိုက်ပြီး ပြန်ပို့ရန်စာအိတ်တွင် လက်မှတ်ထိုးကာ သင်လက်ခံရရှိသည်နှင့် အမြန်ဆုံးပြန်ပို့ရန်သာ ဖြစ်ပါသည်။
2. **၂။ မဲထည့်ပုံးများတွင် သွားထည့်ပါ။** မစောင့်ရဘဲ စောစောမဲပေးပါ။ တရားဝင် မဲထည့်ပုံးတည်နေရာ ၄၀၀ အနက် တစ်ခုတွင် သင့်မဲပြားကို ပြန်ပေးရန် ခဏသာကြာပါသည်။ စာတိုက်မှ မဲပေးရန် စာရွက်စာတမ်းများတွင် သင့်အနီးရှိ အဆင်ပြေသည့်နေရာများ စာရင်းတစ်ခု ပါရှိပါသည်။
3. **၃။ အောက်တိုဘာလ ၂၉ ရက်မှစ၍ မည်သည့်မဲစင်တာကိုမဆို သွားရောက်ပါ။** လူကိုယ်တိုင်မဲပေးရန် အဆင်ပြေသည့်နေရာတစ်ခုမှာ သင်နှင့် မည်သည့်အခါမျှ မဝေးပါ။ LA ကောင်တီ မဲဆန္ဒရှင်များသည် မဲကို မည်သည့်မဲစင်တာတွင်မဆို ထည့်နိုင်ပါသည်။ **PLAN.LAVOTE.GOV** တွင် သင့်အနီးရှိ မဲစင်တာတစ်ခုကို ရှာပြီး ရွေးကောက်ပွဲနေ့ မတိုင်မီ မဲပေးရန် စီစဉ်ပါ။

   သင်၏မဲပေးခွင့်လက်မှတ်ကို ဖြည့်ပြီး မဲစင်တာတွင် အချိန်ကုန်သက်သာစေရန်  ပြုလုပ်ပါ။ ဤလျင်မြန် လွယ်ကူပြီး လုံခြုံသော အွန်လိုင်းကိရိယာကို အသုံးပြုပြီး သင့်အိမ်မှ မထွက်ခွာမီ သင်၏ရွေးချယ်ချက်များကို ပြုလုပ်ခြင်းဖြင့် လူကိုယ်တိုင် မဲပေးခြင်းကို ပိုမိုလျင်မြန်စေပါ။ အနီးဆုံးမဲစင်တာ တည်နေရာများကို ဖော်ပြထားသည့် သီးခြားစာတစ်စောင်ကို မဲစာရင်းပေးထားသည့် မဲဆန္ဒရှင်တိုင်းထံ ပို့ပေးပါမည်။

**PLAN.LAVOTE.GOV** တွင် မဲပုံးများနှင့် မဲပေးစင်တာတည်နေရာ စာရင်းအပြည့်အစုံ ရရှိနိုင်ပါမည်။

**မဲပေးခြင်းသည် တစ်ခါမျှ ဤမျှမလွယ်ကူဖူးပါ။ သင့်အနာဂတ်အတွက် တာဝန်ယူပြီး မဲတိုင်းထည့်ကြပါစို့။ ပိုမိုလေ့လာရန် PLAN.LAVOTE.GOV တွင် ဝင်ရောက်ကြည့်ရှုပါ**

**မဲပေးရန် အစီအစဉ်လုပ်ပါ။**

OFFICIAL INFORMATION